**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၉ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ည) တွင် ပါရှိသော "လက်ခံအမှုဖွင့်လှစ်သည်မှ စီရင်ချက်အမိန့်ချမှတ်ပြီးသည်အထိ" ဆိုသည့်စကားရပ်ကို "လက်ခံအမှုဖွင့်လှစ်သည့်နေ့မှ စီရင်ချက်အမိန့်ချမှတ်ပြီးသည်နေ့အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က) တွင် ပါရှိသော "အထောက်အထားများ၊ စာမျက်နှာ အရေအတွက်များအား မှတ်ပုံတင်စာအုပ်တွင် ရေးသွင်း မှတ်တမ်းတင်ထားရှိရမည်။" ဆိုသည့်စကားရပ်ကို "အထောက်အထားများကို အခြေခံ၍ အကြံပြုချက် တင်ပြရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသော "စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှု ရှိ မရှိ ထပ်မံစိစစ်ရမည်။" ဆိုသည့် စကားရပ်ကို "စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှု ရှိ မရှိ စိစစ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (စ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) နည်းဥပဒေခွဲ (င) အရ လက်ခံမှု အမှုဖွင့်လှစ်သည့် အမှုအား မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရှိရမည်။"

၆။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ ကြားနာစစ်ဆေးရန် အမှုခေါ်သောအခါ မည်သည့်အမှုသည်မျှလာရောက်ခြင်း မရှိလျှင် ခုံအဖွဲ့သည် အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်နိုင်သည်။ လျှောက်ထားသူက ၎င်းမလာရောက်ရခြင်းအတွက် သတ်မှတ်ကာလအတွင်း လုံလောက်သော အကြောင်းပြချက် တင်ပြနိုင်လျှင် ခုံအဖွဲ့သည် ပလပ်သော အမိန့်ကို ပယ်ဖျက်၍ အမှုအား ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်သည်။"

၇။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၁။ ခုံအဖွဲ့၏ စီရင်ချက်အမိန့်ကို ကျေနပ်မှုမရှိ၍ လွှဲအပ်ပေးရန် လျှောက်ထားလာသဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်၍ လွှဲအပ်ပေးရမည့်အမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရမည်။ ထို့အပြင် စုံညီခုံအဖွဲ့က လွှဲအပ်သင့်သည့်အမှုဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု ဆုံးဖြတ်သည့်အမှုဖြစ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုကို လွှဲပြောင်းပေးရမည်။"

၈။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏ စီရင်ချက်အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စပေါ်ပေါက်သည်ဟု ယူဆပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်မှုအဖြစ် လွှဲအပ်ပေးရန် စီရင်ချက်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံ လျှောက်ထားရမည်။"

၉။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၇ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၇။ ခုံအဖွဲ့သည်-"

၁၀။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ခုံအဖွဲ့ရှေ့မှောက်၌ အမှုကြားနာစဉ်အတွင်း ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သူ၏ အပြုအမူသည် ခုံအဖွဲ့အား မထီမဲ့မြင် ပြုမှု ပြုရာရောက်သည်ဟု ဆုံးဖြတ်ပါက အမှုကြားနာခြင်းကို ရပ်ဆိုင်း၍ အဆိုပါပုဂ္ဂိုလ်အား အမှုလိုက်ပါဆောင်ရွက်ခွင့်ကို ရပ်စဲနိုင်သည်။"

၁၁။ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများပါ ပုံစံ အခယ-၁၊ ပုံစံ အခယ-၂၊ ပုံစံ အခယ-၃၊ ပုံစံ အခယ-၅ နှင့် ပုံစံ အခယ-၆ တို့တွင် ပါရှိသော "နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မှတ်ပုံတင်အမှတ်" ဆိုသည့် စကားရပ်များကို "နိုင်ငံသားစိစစ်ရေးအမှတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန